# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

December 1 , 2025 Volume 97 , Number 1


## မန္တလေးဈေးကွက်အတွင်း ပဲကြီးလက်ကျန်နည်းလာတာကြောင့် ဈေးနှုန်းအနည်းငယ်မြင့်တက်လာ



မန္တလေးဈေးကွက်အတွင်း နိုဝင်ဘာလကုန်ပိုင်း၌ ပဲကြီးဈေးနှုန်းများမှာ ပြည်တွင်းဝယ်ယူမှု ကောင်းမွန်ခြင်းကြောင့် ဈေးနှုန်းမြင့်တက်လာကြောင်း မန္တလေးပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းမှ သိရသည်။

မန္တလေးဈေးကွက်၌ နိုဝင်ဘာ ၂၇ ရက်တွင် ပဲကြီး ၅၅ ဒသမ ၂၅ ပိဿာ ကျောက်တွင်းအသစ်တစ်အိတ်လျှင် ကျပ် ၆၂၀,၀၀၀-၆၃၀,၀၀၀၊ ပဲကြီး (ဟောင်း) ၅၅ ဒသမ ၂၅ ပိဿာ တစ်အိတ်လျှင် ကျပ် ၅၅၀,၀၀၀-၅၇၀,၀၀၀၊ ပဲကြီး (သစ်) ၅၅ ဒသမ ၂၅ ပိဿာ တစ်အိတ်လျှင် ကျပ် ၅၁၀,၀၀၀-၅၃၀,၀၀၀ အသီးသီး ပေါက်ဈေးရှိနေပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိသည်။

“ဈေးကွက်ထဲမှာ ပစ္စည်းကလည်းမပေါဘူး။ ဒါပေမဲ့ ဝယ်ယူမှုကောင်းမွန်တဲ့အတွက် ဈေးတွေကောင်းလာတာဖြစ်ပါတယ်။ ပဲကြီးဈေးကွက်က အဓိက ပြည်တွင်းဝယ်ယူမှုပေါ်မှာ မူတည်တာပါ။ အခုရက်ပိုင်း ပြည်ပက ဝယ်ယူမှုကတော့

| ၁-၁၂-၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၃၉.၇၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၁.၆၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၇၇.၁၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၅.၉၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၆.၉၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၄၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၉၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၈.၃၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၅.၇၂ ကျပ် |


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

နည်းပါတယ်”ဟု ပဲကုန်သည်တစ်ဦးကပြောသည်။

ပဲကြီးကို ပြည်တွင်းစားသောက်ကုန်လုပ်ငန်းများ၊ ပဲကြော်ထုတ်လုပ်သည့်လုပ်ငန်းများ၊ ပဲအမှုန့်ကြိတ်လုပ်ငန်းများက အဓိကထား၀ယ်ယူကြပြီး ဈေးကွက်လိုအပ်ချက် များပြားသည့်သီးနှံဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများကလည်း စားသောက်ကုန်လုပ်ငန်းများ ထုတ်လုပ်ရန်အတွက် ၀ယ်ယူမှုများကို လုပ်ဆောင်ကြသည့် သီးနှံအမျိုးအစားဖြစ်သည်။

ပဲကြီးမှာ ပြည်တွင်းလိုအပ်ချက်များပြားသော သီးနှံအမျိုးအစားဖြစ်ခြင်းကြောင့် တောင်သူများအတွက် စိုက်ပျိုးသင့်သော သီးနှံအမျိုးအစားဖြစ်ကြောင်း၊ ပဲကြီးကို စားသောက်ကုန်အမျိုးမျိုး၊ တိရစ္ဆာန်အစာအဖြစ် ထုတ်လုပ်ခြင်းနှင့် အခြားသောထုတ်ကုန်အမျိုးမျိုးတို့အတွက် ထုတ်လုပ်နိုင်သည်။

**Source: မကွေးဂျာနယ်**

## အသစ်ဝင်နှမ်းနက်များ ဝယ်လိုအားကောင်းသော်လည်း ဈေးအနည်းငယ်ကျဆင်း



နှမ်းနက်များ နယ်စုံမှ ဈေးကွက်အတွင်း ဝင်ရောက်လျက်ရှိရာ အရောင်းအဝယ်သွက်သော်လည်း ဈေးအနည်းငယ် ကျဆင်းသွားကြောင်း ကုန်သည်များထံမှသိရသည်။ နိုဝင်ဘာလကုန်ပိုင်းတွင် အညာဒေသမှ အသစ်ဝင်နှမ်းနက်များသည် မန္တလေးဈေးကွက်တွင် အရောင်းအဝယ်သွက်နေခြင်း ဖြစ်သည်။

ပို့ကုန်ပဲများ အရောင်းအဝယ် အေးနေသောကြောင့်၊ ဈေးကျဆင်းမှုများရှိနေကြောင်း ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ပုံမှန် အရောင်းအဝယ်ရှိသော်လည်း ဈေးကျဆင်းနေကြောင်း မြေပဲဆီဆန်များမှာ ဆီစက်ပိုင်များ ဝယ်လိုအားကောင်းနေခြင်းကြောင့် အရောင်းအဝယ်သွက်နေပြီး ပဲဖတ်တစ်ပိဿာလျှင် ကျပ် ၇၀၀၀ ကျော်ထိ ဈေးကောင်းရရှိနေကြောင်း၊ ပဲမာလိုင်း များတွင် ပဲကြီးမှာ ဈေးအမြင့်ဆုံး ပေါက်ဈေးဖြစ်လာကြောင်း ပဲကုန်သည် ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ) ပိုင်ရှင်က ပြောသည်။

“အညာဒေသမှ အသစ်ဝင်နှမ်းနက်တွေ နယ်စုံကနေဝင်လာတော့ ယခင်ပတ်ထက် သုံးတင်းဝင်တစ်အိတ်ကို ကျပ် ၃၀,၀၀၀ ခန့် ဈေးကျဆင်းသွားပါတယ်။ နှမ်းနက်အရည်အသွေးလိုက် တစ်အိတ်လျှင် ကျပ် ၆၈၀,၀၀၀-၇၈၀,၀၀၀ ပေါက်ဈေးရှိပြီး ပို့ကုန်သမားတွေ အဝယ်ကောင်းနေပါတယ်။ မြေပဲဆန်ဈေးကလည်း ပဲဖတ်ဈေးကောင်းနေလို့ အဝယ်သွက်နေတာပါ။ ပဲမာလိုင်းများမှာ ပဲကြီးတစ်မျိုးသာ လက်ကျန်နည်းလို့ ဈေးကောင်းနေပါတယ်”ဟု ၎င်းက ပြောသည်။

နိုဝင်ဘာ ၂၆ ရက်တွင် ပို့ကုန်ပဲများမှ ပဲစင်းငုံဈေးမြင့်တက်လာရာ ပဲစင်းငုံ ပိဿာ ၆၀ တစ်အိတ်လျှင် ကျပ် ၂၄၀,၀၀၀၊ မတ်ပဲပိဿာ ၆၀ တစ်အိတ်လျှင် ကျပ် ၂၆၀,၀၀၀၊ ပဲတီစိမ်း (အညာ)သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၃၄၀,၀၀၀ အထိ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ V2 ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၂၃၀,၀၀၀၊ V7 သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၂၂၀,၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၂၂၅,၀၀၀၊ 929 ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၂၃၀,၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ နိုဝင်ဘာ ၂၆ ရက်တွင် ပဲကြီးတစ်အိတ်လျှင် ကျပ် ၆၃၀,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ကျပ် ၉၀၀,၀၀၀၊ ပဲနီပြာ(ကျွန်း)တစ်အိတ်လျှင် ကျပ် ၅၁၀,၀၀၀၊ ပဲထောပတ်(သစ်) တစ်အိတ်လျှင် ကျပ် ၂၆၅,၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ကျပ် ၂၇၅,၀၀၀၊ စားတော်ပဲ(ကနေဒါ)တစ်အိတ်လျှင် ကျပ် ၃၂၀,၀၀၀ ပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံဈေးကွက်မှာ နိုဝင်ဘာ ၂၆ ရက်တွင် နှမ်းနက် သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၇၃၀,၀၀၀- ၇၄၀,၀၀၀ နှမ်းဖြူ(ဂျပန်)သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၂၈၀,၀၀၀၊ နှမ်းဖြူ(ဗမာ)သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၂၆၅,၀၀၀၊ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၂၇၅,၀၀၀ ပေါက်ဈေးရှိနေ ပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ကျပ် ၈၄၀၀၊ မြေပဲဆီ တစ်ပိဿာလျှင် ကျပ် ၁၃,၅၀၀၊ ပဲဖတ်တစ်ပိဿာလျှင် ကျပ် ၇၀၀၀ အသီးသီးပေါက်ဈေးရှိနေကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ၈ လအတွင်း ပြည်ပသို့ ရော်ဘာတန်ချိန် ၁ သိန်းခွဲနီးပါး တင်ပို့ထား



ယခု ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလအထိ ၈ လတာကာလအတွင်း ပြည်ပသို့ ရော်ဘာတန်ချိန် ၁ သိန်းခွဲနီးပါး တင်ပို့ထားကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်းမှ သိရသည်။

ယခုဘဏ္ဍာနှစ်အတွင်း ရော်ဘာတန်ချိန် ၃ သိန်းခွဲခန့် တင်ပို့နိုင်ရန်လျာထားကာ ပြီးခဲ့သည့်ဘဏ္ဍာနှစ်တွင် ရော်ဘာ တန်ချိန် ၃ သိန်းဝန်းကျင် တင်ပို့နိုင်ခဲ့ပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ခန့် ရရှိခဲ့ကြောင်း သိရသည်။ ရာသီဥတုအခြေအနေအပြင် ရော်ဘာအစေးလှီးလုပ်သား ရှားပါးမှုများနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ယခုနှစ်တွင် ရော်ဘာအထွက်နှုန်း မကောင်းနိုင်ကြောင်း ခန့်မှန်းထားသည်။

နှစ်စဉ် ပြည်တွင်းရော်ဘာသုံးစွဲမှုသည် တန်ချိန် ၂ သောင်းကျော်ရှိကာ ပြည်ပသို့ တန်ချိန် ၃ သိန်းဝန်းကျင် တင်ပို့လျက်ရှိပြီး ပြည်ပသို့တင်ပို့ရာတွင်လည်း တရုတ်နိုင်ငံကို ၇၅ ရာခိုင်နှုန်းတင်ပို့နေပြီး မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ အိန္ဒိယနှင့်ဂျပန်နိုင်ငံတို့ကိုလည်း တင်ပို့နေကြောင်း သိရသည်။

၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ရော်ဘာတင်ပို့မှုမှ တစ်နှစ်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာသန်း (၂၅၀) မှ သန်း (၄၅၀) အကြား ရရှိခဲ့ကြောင်းသိရသည်။

**Source: Popular News Journal**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၂၄-၁၁-၂၀၂၅ မှ ၂၈-၁-၂၀၂၅) ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

### မတ်ပဲနှင့်ပဲစင်းငုံ

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၂,၆၃၅,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၂,၉၃၀,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၂,၅၉၅,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2024Crop) ကျပ် ၁၁၄,၀၀၀ နှင့် မတ်ပဲ SQ/RC (2024 Crop)ကျပ် ၁၃၉,၀၀၀ ဈေးမြင့်တက်ခဲ့ပြီး ပဲစင်းငုံ Red/RC (2024 Crop ) ကျပ် ၄၀,၀၀၀ ဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၈၅ လုံး (တန်ချိန် ၂၀၄၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲFAQ/RC(2024 Crop) ကွန်တိန်နာ ၇၅ လုံး (တန်ချိန် ၁၈၀၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) လျော့နည်း ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ရော်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ရော်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲရော် (သစ်) AC ကျပ် ၈၅၀၀၊ မြားနီ ကျပ် ၉၅၀၀ ၊ပျော်ဘွယ်မိုးထောင် ကျပ် ၁၄,၀၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၃၂,၀၀၀ နှင့် မြစ်ဝပု ကျပ် ၃၀,၀၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ရော်သီးများဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ရော်ရှည် အိတ်ပေါင်း ၁၂၅၀ (၂၅,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ရော်ရှည် အိတ်ပေါင်း ၁၀၅၀ (၂၁,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ရော်ရှည် အိတ်ပေါင်း ၂၀၀ (၄,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၅၅၀၀ နှင့် မန်ကျည်းအသား (သစ်) ကျပ် ၉၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းဈေးများ ငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒိုး) ကျပ် ၆၅၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၇၀၀၀၊ ပခုက္ကူကြမ်း ကျပ် ၆၄၀၀၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၇၅၀၀၊ ကြံသကာ ကျပ် ၄၈၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၁၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တောင်သာမလိုင်(ဒိုး) ကျပ် ၁၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ် လျက်ရှိသည်။

Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး

**ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၂၄-၁၁-၂၀၂၅ မှ ၂၈-၁၁-၂၀၂၅) ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့်အာလူးဈေးနှုန်းများ**

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၁၅၅၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၃၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၇၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၃၅၀ ၊ မုံရွာသစ်ရှယ် ကျပ် ၁၈၀၀၊ မုံရွာလတ်ကြီး ကျပ် ၁၃၀၀၊ မုံရွာလတ်သန့် ကျပ် ၇၀၀ နှင့် မုံရွာလတ်ချော ကျပ် ၃၅၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၁၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၅၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၀၀၊ မုံရွာလတ်ကြီး ကျပ် ၁၅၀၊ မုံရွာလတ်သန့် ကျပ် ၂၀၀ နှင့် မုံရွာလတ်ချော ကျပ် ၁၅၀ အသီးသီး ဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၅၀ စီး (၉၀၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၁၀ စီး (၆၆၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၄၀ စီး(၂၄၀,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရ သည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့မှ ကြက်သွန်ဖြူများနေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြက်သွန်ဖြူ(ကြူကုတ်) ကျပ် ၁၇,၅၀၀၊ အောင်ပန်းထူး-၂ ကျပ် ၃၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၄၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၅၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၆၅၀၀ အသီးသီး ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြက်သွန်ဖြူ(ကြူကုတ်) ကျပ် ၅၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်ကြက်သွန်ဖြူများ

ဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၂၆၀၀ (၇၈,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၃၀၀၀ (၉၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၄၀၀ (၁၂,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းနှင့်တရုတ်မှ အာလူးများ နေ့စဥ်ဝင်ရောက်လျက်ရှိရာ အာလူး (တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်း OK ကျပ် ၅၀၀၀၊ အောင်ပန်း S1 ကျပ် ၅၅၀၀၊ အောင်ပန်း S2 ကျပ် ၆၃၀၀ နှင့် တရုတ်အာလူး ကျပ် ၇၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အောင်ပန်း OK ကျပ် ၁၅၀၀၊ အောင်ပန်း S1 ကျပ် ၁၀၀၀၊ အောင်ပန်း S2 ကျပ် ၈၀၀ နှင့် တရုတ်အာလူး ကျပ် ၁၀၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၇ စီး (၁၂၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၂၉ စီး (၁၇၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် အာလူးကားစီးရေ ၁၂ စီး(၇၂,၀၀၀ ပိဿာ)ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးတိုးချဲ့လာသည်နှင့်အမျှ GCC နိုင်ငံများ၏ စီးပွားရေးမှာ ခိုင်မာသောတိုးတက်မှုများဖြင့် မှတ်တမ်းတင်နိုင်ခဲ့

ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ(GCC)သည် ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်အတွင်း ၎င်း၏ စီးပွားရေး အနေအထားကို ဆက်လက်ခိုင်မာစေရန်လုပ်ဆောင်နိုင်ခဲ့ပြီး ဒေသတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မြင့်တက်လာခဲ့ကာ ပြန်လည်ကောင်းမွန်လာသောကုန်သွယ်မှုနှင့် တည်ငြိမ်သောဘဏ္ဍာရေးတိုးတက်မှုတို့ကို ညွှန်ပြသည့်အချက်အလက် အသစ်များကို ရရှိခဲ့ပါသည်။

GCC စာရင်းအင်းစင်တာမှ ကိန်းဂဏန်းများအရ ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၅၂၃ ဒသမ ၄ ဘီလီယံခန့် ရောက်ရှိခဲ့ကြောင်းဖော်ပြထားပါသည်။ ၎င်းသည် ဒေသတွင်း စုစုပေါင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ ၈၀ ရာခိုင်နှုန်းခန့်ကို ကိုယ်စားပြုပြီး ပင်လယ်ကွေ့ဒေသနိုင်ငံများ၏ ဈေးကွက် များအပေါ် နိုင်ငံတကာယုံကြည်မှုတိုးပွားလာမှုကို ထင်ဟပ်စေခဲ့ပြီး ယခုနှစ်အတွင်း GCC တွင် ကမ္ဘာလုံးဆိုင်ရာ FDI စီးဝင်မှု၏ ၅ ရာခိုင်နှုန်း ခန့်ရှိကြောင်းဖော်ပြထားပါသည်။

GCC နိုင်ငံများ၏ အတွင်းပိုင်းရင်းနှီးမြှုပ်နှံမှုများမှာလည်း တိုးချဲ့လာနိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ်အတွင်း အမေရိကန် ဒေါ်လာ ၈၈ ဒသမ ၂ ဘီလီယံမှ ၂၀၂၃ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၃၀ ဒသမ ၃ ဘီလီယံအထိ မြင့်တက်လာခဲ့ ပါသည်။ ရင်းနှီးမြှုပ်နှံမှုဦးတည်ရာအဖြစ် ဒေသတွင်းဆွဲဆောင်မှုကို အားကောင်းစေသည့် အခြေခံအဆောက်အအုံ၊ နည်းပညာနှင့် ခေတ်မီဥပဒေများတွင် တိုးတက်မှုများကြောင့် မြင့်တက်လာခဲ့ခြင်းဖြစ်သည်ဟု အစိုးရအာဏာပိုင် များက ယူဆထားကြပါသည်။

၂၀၂၃ ခုနှစ်အတွင်း တစ်စည်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၂ ဒသမ ၅ မှ ၂၀၂၄ ခုနှစ်အတွင်း အမေရိကန် ဒေါ်လာ ၈၀ ဒသမ ၅ အထိကျဆင်းသွားခဲ့သော ရေနံဈေးနှုန်းများမှာ လျော့ကျလျက်ရှိသော်လည်း ပြည်ပကုန်စည် ကုန်သွယ်မှုမှာ ၂၀၂၄ ခုနှစ်အတွင်း ၁ ဒသမ ၁ ရာခိုင်နှုန်းသာတိုးတက်မှုရှိခဲ့ကြောင်း မှတ်တမ်းတင်ထားရှိပါသည်။ စီးပွားရေးလုပ်ငန်းများကို ကွဲပြားစေရန် ဆက်လက်ကြိုးပမ်းမှုများကြောင့် ရေနံမဟုတ်သော ပို့ကုန်များမှာ သိသိသာသာ တိုးတက်လျက်ရှိကြောင်း မြင်တွေ့ခဲ့ရပါသည်။ ဒေသတွင်း ထောက်ပံ့ပို့ဆောင်ရေး ဗဟိုချက်များ အနေဖြင့် ယှဉ်ပြိုင်မှုမြင့်မားလျက်ရှိသည့်အတွက် ပြန်လည်တင်ပို့မှုလုပ်ငန်း ဆောင်ရွက်ချက်များမှာလည်း တိုးတက်

လာခဲ့ပါသည်။

၂၀၂၄ ခုနှစ်အတွင်း အများပြည်သူဝင်ငွေသည် အမေရိကန်ဒေါ်လာ ၆၇၀ ဒသမ ၂ ဘီလီယံခန့်သို့ ရောက်ရှိခဲ့ပြီး နှစ်စဉ် ၂ ရာခိုင်နှုန်း တိုးတက်လာခဲ့ကာ အများပြည်သူအသုံးစရိတ်မှာ အမေရိကန်ဒေါ်လာ ၆၅၉ ဒသမ ၃ ဘီလီယံရှိခဲ့ပါသည်။ ဒေသတွင်း အာဏာပိုင်အစိုးရများမှ ဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံအဆောက်အအုံနှင့် လူမှုရေး အစီအစဉ်များတွင် ရင်းနှီးမြှုပ်နှံမှုများနှင့်အတူ ဘဏ္ဍာရေးပေါင်းစည်းမှုကို ဆက်လက်ဦးစားပေး ဆောင်ရွက်ခဲ့ကြပါသည်။

သွယ်ဝိုက်အခွန်များ စတင်ကောက်ခံခြင်းနှင့် ဝင်ငွေခွန်ကောက်ခံရန်အတွက် ဒစ်ဂျစ်တယ်စနစ်များ တိုးတက်ကောင်းမွန်လာခဲ့ပြီးနောက် ရေနံမဟုတ်သော ကုန်သွယ်မှုကဏ္ဍများမှ ဝင်ငွေများသည် အစိုးရဝင်ငွေများတွင် ပိုမိုပါဝင်နိုင်ခဲ့ပါသည်။ အဆိုပါအစီအမံများသည် အများပြည်သူအကြွေးကို ထိန်းချုပ်ရန်နှင့် ဝန်ဆောင်မှုကုန်ကျစရိတ်များကိုလျှော့ချရန် ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

GCC နိုင်ငံများ၏ အရင်းအနှီးဈေးကွက်များသည် ၂၀၂၄ ခုနှစ်အတွင်း အပြုသဘောဆောင်သော ရလဒ်များကို ပေးအပ်နိုင်ခဲ့ပြီး ဈေးကွက်အရင်းအနှီးမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ ထရီလီယံခန့်အထိ မြင့်တက်လာခဲ့ပါသည်။ ကမ္ဘာလုံးဆိုင်ရာ မရေမရာမှုများရှိနေသော်လည်း ကော်ပိုရိတ်အမြတ်အစွန်းများ ပိုမိုခိုင်မာလာခြင်း၊ ငွေကြေးဖောင်းပွမှုနည်းပါးလာခြင်းနှင့် အဖွဲ့အစည်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုတိုးလာခြင်းတို့က စွမ်းဆောင်ရည်ကို ပံ့ပိုးပေးနိုင်ခဲ့ကြောင်း သတင်းဖော်ပြထားပါသည်။

**Source: Emirates News Agency**

**(နန္ဒာစိုးမြင့်၊ စီးပွားရေးသံမှူး၊ အဘူဒါဘီမြို့)**

## ဒူဘိုင်းကုန်သည်ကြီးများအသင်းက မလေးရှားနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ကုန်သွယ်ရေးမစ်ရှင်တစ်ရပ် စတင်စေလွှတ်ဆောင်ရွက်

နိုဝင်ဘာလ ၂၄ ရက်မှ ၂၈ ရက်အထိ မလေးရှားနှင့်ကမ္ဘောဒီးယားနိုင်ငံများသို့ ယူအေအီးနိုင်ငံမှ ကုမ္ပဏီကိုယ်စားလှယ်များနှင့် စွန့်ဦးတီထွင်သူများပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့နှင့်အတူ ကုန်သွယ်မှုမြှင့်တင်ရေးမစ်ရှင်တစ်ခုကို ဒူဘိုင်းကုန်သည်ကြီးများအသင်းက စတင်စေလွှတ်ဆောင်ရွက်ခဲ့ပါသည်။

ကုန်သွယ်မှုမြှင့်တင်ရေးရေးမစ်ရှင်၏ အစီအစဉ်တွင် စီးပွားရေးကုန်သွယ်မှု၊ မိတ်ဖက်အခွင့်အလမ်းများကို စူးစမ်းလေ့လာရန်နှင့် အရှေ့တောင်အာရှရှိ ဒူဘိုင်းအခြေစိုက်စီးပွားရေးလုပ်ငန်းများ၏ ပြည်ပတိုးချဲ့မှုကို ပံ့ပိုးနိုင်ရန် ရည်ရွယ်ထားရှိပါသည်။

အဆိုပါကိုယ်စားလှယ်အဖွဲ့ကို နှစ်နိုင်ငံစလုံးရှိ အစိုးရအဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းများနှင့် အဓိကကုမ္ပဏီများ စသည်တို့နှင့်ဆက်သွယ်ရေးလမ်းကြောင်းအသစ်များကို ဖွင့်လှစ်နိုင်ရန် ပုံစံထုတ်ထားခြင်းဖြစ်ပြီး ကိုယ်စားလှယ်များမှ ရေရှည်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမိတ်ဖက်များကို ထူထောင်ရန်အတွက် နှစ်နိုင်ငံစီးပွားရေး အစည်းအဝေးများတွင် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

တရားဝင်အစည်းအဝေးများ၏ အထူးအစီအစဉ်တစ်ခုတွင် မလေးရှားနှင့်ကမ္ဘောဒီးယားနိုင်ငံများရှိ ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်များကို ပြသသွားမည်ဖြစ်ပြီး ဒူဘိုင်းကုမ္ပဏီများအတွက် ဒေသတွင်းရုံးခွဲများကို တည်ထောင်ရန် အခွင့်အလမ်းများအား မီးမောင်းထိုးဖော်ပြသွားမည်ဖြစ်ကာ ပို့ကုန်နှင့် ပြန်လည်-တင်ပို့မှုများမှတစ်ဆင့် ကုန်သွယ်မှုလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။

ဒူဘိုင်းကုန်သည်ကြီးများအသင်းက ထိုကဲ့သို့သောမစ်ရှင်များသည် ယူအေအီးနိုင်ငံ၏ စီးပွားရေးကဏ္ဍမှ ယှဉ်ပြိုင်နိုင်စွမ်းကိုမြှင့်တင်ရန်အတွက် မရှိမဖြစ်လိုအပ်ကြောင်း အလေးပေးပြောကြားခဲ့ပါသည်။ ၎င်းတို့သည် ယူအေအီး

ကုမ္ပဏီများအတွက် ထွန်းသစ်စဈေးကွက်များကို နားလည်သဘောပေါက်ရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို ခြေရာခံနိုင်ရန်နှင့် သတင်းအချက်အလက်အပြည့်အစုံဖြင့် လုပ်ငန်းတိုးချဲ့မှုဆုံးဖြတ်ချက်များကို ချမှတ်နိုင်ရန်အတွက် လက်တွေ့ကျသော လမ်းကြောင်းတစ်ခုကို ပံ့ပိုးပေးထားကြောင်း အလေးပေးပြောကြားခဲ့ပါသည်။

ကွာလာလမ်ပူမြို့နှင့်ဘန်ကောက်မြို့အခြေစိုက် ယူအေအီးသံရုံးများ၊ မလေးရှားရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာနများ၊ မလေးရှားနိုင်ငံမှ အမျိုးသားကုန်သည်ကြီးများနှင့်စက်မှုလုပ်ငန်းရှင်များအသင်းနှင့် ကမ္ဘောဒီးယားဖွံ့ဖြိုးတိုးတက်ရေးကောင်စီနှင့် ကမ္ဘောဒီးယားကုန်သည်ကြီးများအသင်းအပါအဝင် ကမ္ဘောဒီးယားနိုင်ငံမှ အစိုးရအာဏာပိုင်များစသည်တို့နှင့်ပူးပေါင်း၍ စီစဉ်ကျင်းပသော အဆိုပါမစ်ရှင်သည် အလားအလာမြင့်မားသော အာရှဈေးကွက်များတွင် ယူအေအီးနိုင်ငံ၏ တည်ရှိနေမှုအပေါ် အင်အားကောင်းစေရန် ဆောင်ရွက်သွားမည့် ဒူဘိုင်းကုန်သည်ကြီးများအသင်း၏ ကတိကဝတ်ကို ပေါ်လွင်စေခဲ့ပါသည်။

ဒေသခံအကျိုးတူ ပါဝင်ကြသူများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံခြင်းအားဖြင့် ဒူဘိုင်းကုန်သည်ကြီးများအသင်းသည် ဒူဘိုင်းကုမ္ပဏီများ၏ နိုင်ငံတကာခြေရာကိုချဲ့ထွင်ရန်၊ မတူညီသော စီးပွားရေးကဏ္ဍများကို စူးစမ်းလေ့လာရန်နှင့် အမျိုးသားစီးပွားရေးလုပ်ငန်းအသိုင်းအဝိုင်းအတွက် တိုးတက်မှုကိုမောင်းနှင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သတင်းဖော်ပြထားပါသည်။

**Source: Emirates News Agency**

**(နန္ဒာစိုးမြင့်၊ စီးပွားရေးသံမှူး၊ အဘူဒါဘီမြို့)**

## STOCK EXCHANGE (1.12.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 1st Dec. 2025

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,393 (Shares) | 11,971,950 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,500 | 0 | 0 | 33,109,694 | 281,432 |
| MTSH | 00002 | 3,550 | -50 | -1.39% | 3,550 | 3,600 | 3,550 | 74 | 264,000 | 38,929,150 | 138,199 |
| MCB | 00003 | 7,700 | +100 | +1.32% | 7,700 | 7,700 | 7,700 | 1,061 | 8,169,700 | 10,400,986 | 80,088 |
| FPB | 00004 | 2,200 | +50 | +2.33% | 2,200 | 2,200 | 2,200 | 215 | 473,000 | 29,664,613 | 65,262 |
| TMH | 00005 | 2,950 | +0 | +0.00% | 2,850 | 2,950 | 2,850 | 2 | 5,800 | 12,823,224 | 37,829 |
| EFR | 00006 | 1,700 | +50 | +3.03% | 1,700 | 1,700 | 1,650 | 342 | 566,400 | 19,977,223 | 33,961 |
| AMATA | 00007 | 3,600 | +100 | +2.86% | 3,550 | 3,600 | 3,550 | 686 | 2,452,100 | 10,497,598 | 37,791 |
| MAEX | 00008 | 3,150 | +100 | +3.28% | 3,150 | 3,150 | 3,150 | 13 | 40,950 | 23,804,946 | 74,986 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 1st Dec. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 397.39 | +2.66 | +0.67% | 396.83 | 397.74 | 396.83 | 2,393 | 11,971,950 | 8 | 749,548 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 1st Dec. 2025

| Trading Volume | Trading Value |
|---|---|
| 2,443 (Shares) | 12,106,950 (MMK) |

### Main Board

As of 1:00 pm, 1st Dec. 2025

Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,393 (Shares) | 11,971,950 (MMK) |

| MYANPIX | 397.39 ▲ 2.66 |
|---|---|
| Total Volume (shares) | 2,393 |
| Total Value (MMK) | 12 mil |
| Listed Company | 8 |
| Market Cap. (MMK) | 749,548 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 0 |
| MTSH | 00002 | 3,550 | ▼ 50 |
| MCB | 00003 | 7,700 | ▲ 100 |
| FPB | 00004 | 2,200 | ▲ 50 |
| TMH | 00005 | 2,950 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 50 |
| AMATA | 00007 | 3,600 | ▲ 100 |
| MAEX | 00008 | 3,150 | ▲ 100 |

TIR